# คณะกรรมการรณรงค์เพื่อประชาธิปไตยในพม่า (กรพ.)

## မြန်မာပြည် ဒီမိုကရေစီရရှိရေး ထိုင်းလုပ်ရှားမှုကော်မတီ (TACDB)


မတ် ၁၁၊ ၂၀၁၀

## ကြေညာချက်

### မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် =

### လာမည့်ရွေးကောက်ပွဲ၌ အနိုင်ရဖို့ နအဖ၏ အရေးပါသောလက်နက်ကရိယာ

မြန်မာစစ်အစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ခန့်မှန်းတွက်ဆထားသလို ဒီမိုကရေစီမကျ တသီးတသန့် ရှိလှသည့်ပုံစံဖြင့် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းလိုက်ပါသည်။ စစ်အစိုးရကိုယ်စားလှယ်များ ရာထူးအာဏာရနိုင်ရန် ရွေးကောက်ပွဲ ဒိုင်လူကြီးများ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် UEC ကို စစ်အစိုးရက ခေါင်းခေါက် ရွေးမည်ဟု ယခုအခါ မျှော်လင့်ရပါသည်။

၂၀၁၀ ခုနှစ် မတ်လ ၈ ရက်၌ ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲဥပဒေသည် ဒီမိုကရေစီစနစ်ကို အကျိုးပြုမပြုနှင့် စပ်ဆိုင်သူအားလုံးနှင့် အကျိုးဝင်မဝင် ကျွမ်းကျင်သူများနှင့် သံတမန်များက အသေအချာ စိစစ်လေ့လာခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ၏ မကြာသေးမီက ကြေညာချက်အရ ၎င်းတို့သည် ပြည်ထောင်စုသမတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်များ၏ ရွေးကောက်ခံပိုင်ခွင့်နှင့် ရွေးကောက်ပိုင်ခွင့်တို့ကျင့်သုံးမှုအား ကြီးကြပ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် UEC ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်ဟု ဆိုပါသည်။

ကျနော်တို့ သိရှိချက်အရ ရွေးကောက်ပွဲဥပဒေ (အမှတ်၁/၂၀၁၀) သည် UEC အနေဖြင့် နိုင်ငံတကာစံနှုန်းများ နှင့်အညီရွေးကောက်ပွဲ ကျင်းပပေးဖို့ယုံကြည်လက်ခံနိုင်ဖွယ်အနေအထား ရှိမရှိကိုလည်းကောင်း၊ ပွင့်လင်းမြင်သာမှု ရှိမရှိကိုလည်းကောင်း စိုးရိမ်ပူပန်စရာဖြစ်စေပါသည်။ UEC အဖွဲ့ဝင်များသည်အရည်အချင်းပြည့်ဝပြီး လုံးဝလွတ်လပ်မှု ရှိရပါမည်။ ပုံမှန်မဟုတ်သည့်အခြေအနေများအောက်တွင် ၎င်းတို့က အရေးပါသည့် မဲပေးပွဲကျင်းပပေးရမည် ဖြစ်သဖြင့် အောက်ပါအချက်များကို အနိမ့်ဆုံးအားဖြင့် ဖြည့်တင်းဖို့ လိုပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် --

၁။ အသက်မွေးလုပ်ငန်းအမျိုးမျိုးကို ကိုယ်စားပြုသူများဖြစ်ပြီး စပ်ဆိုင်သူအားလုံးက လက်ခံနိုင်သူများ ဖြစ်ရမည်။

၂။ မိမိတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ဆောင်မှုများတွင် ဘက်လိုက်မှုမရှိ ကြားနေကာ နိုင်ငံရေးပါတီအားလုံးနှင့်သော်လည်း ကောင်း၊ စစ်အုပ်စုနှင့်သော်လည်းကောင်း အပေးအယူ အဆက်အစပ်များ မရှိစေရ။

၃။ မဲဆန္ဒရှင်စာရင်းများကို တိကျမှန်ကန်သည့်အချက်အလက်များနှင့် သန်းခေါင်စာရင်းပေါ်မှ ပြုစုရမည်။

၄။ နိုင်ငံတဝှန်းလုံးတွင် လွတ်လပ်မှုရှိစွာဖြင့် လုပ်ကိုင်နိုင်ရမည်၊ အရည်အချင်းရှိသူများကို ကော်မရှင်အဖွဲ့ခွဲဝင်များ အဖြစ် ရွေးချယ်နိုင်ရမည်၊ ၎င်းတို့ကို အဆင့်အသီးသီးတွင် ကြီးကြပ်နိုင်ရမည် (တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ)။

၅။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို ရွေးကောက်ပွဲခုံရုံးနှင့်အတူ တရားမျှတစွာ အရေးယူကိုင်တွယ်ရဲသည့်သတ္တိ ရှိရမည်။

၆။ ဒီမိုကရေစီမူများ၊ လွတ်လပ်တရားမျှတသည့်ရွေးကောက်ပွဲမူများနှင့် လူ့အခွင့်အရေးမူများကို လေးစားရမည်။

၇။ လူတကိုယ် မဲတမဲ မူ နှင့် မဲဆန္ဒပေးခွင့်ရှိသူများ၏ အခွင့်အရေးများအပေါ် ယုံကြည်သက်ဝင်ရမည်။

၈။ မဲဆန္ဒရှင်များ၏ဆုံးဖြတ်ချက်အပေါ် ဩဇာသက်ရောက်မှု မပြုရ။ မိမိအပေါ်လည်း အာဏာရှိအုပ်စုတခုခု

သို့မဟုတ် စစ်တပ်၏လွှမ်းမိုးမှု မခံစေရ။


328/1 ถนนพญาไท ราชเทวี กทม. 10400 โทรศัพท์ 0 - 2216 - 4463 โทรสาร 0 – 2216 - 4463

328/1 Phayathai Road, Ratchathewi, Bangkok 10400 Tel. 0-2216-4463 Fax. 0-2216-4463

၉။ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ စုဝေးခွင့်နှင့် သင်းပင်းဖွဲ့ စည်းခွင့်တို့ ကို ထောက်ခံရမည်။

၁၀။ တန်းတူညီမျှရေး၊ ပွင့်လင်းမြင်သာရေး၊ ပြည်သူလူထုပါဝင်ဆောင်ရွက်ရေးနှင့် အပြန်အလှန်ထိန်းချုပ် ကြပ်မတ်ရေးတို့ ကို အားပေးမြှင့်တင်ရမည်။

၁၁။ မဲဆန္ဒရှင်များ၏လျှို့ ဝှက်ရေးကို လေးစားပြီး လူတိုင်းအတွက် လုံခြုံမှုပေးရမည်။

၁၂။ မဲဆန္ဒရှင်ပညာပေးမှု၊ နိုင်ငံကြီးသားပညာပေးမှုနှင့် ရပ်ရွာလူထုတွင်းအကျိုးဆောင်မှု လုပ်ဆောင်နိုင်စွမ်းရှိရမည်။

၁၃။ အာဏာရပါတီနှင့် အတိုက်အခံပါတီများကို တန်းတူရည်တူ မျှမျှတတဆက်ဆံပြီး တိုင်တန်းချက်များကို ပညာရှင်ပီသစွာ ကိုင်တွယ်ရမည်။

၁၄။ အစိုးရဝန်ထမ်းများအနေဖြင့် သီးသန့် ကိုယ်စားလှယ်လောင်းတဦးတယောက် သို့ မဟုတ် ပါတီတခုကိုအသားပေးပြီး မဲဆွယ်ပေးခြင်း သို့ မဟုတ် နိုင်ငံပိုင် အရင်းအမြစ်များ သုံးစွဲပေးခြင်း ခွင့်မပြုရ။

၁၅။ ပြည့်စုံခြုံငုံမှုရှိသော သတင်းအချက်အလက်များ ဖြန့် ဖြူးရန် မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၆။ မတရားသော သို့ မဟုတ် ပြည်သူလူထု၏အခွင့်အရေးများကို ဖောက်ဖျက်သော ရွေးကောက်ပွဲဆိုင်ရာပုဒ်မများ အားလုံးကို နအဖအား ပြင်ဆင်ခိုင်းဖို့ လွတ်လပ်မှုနှင့် တရားမျှတမှုသဘောထား ရှိရမည်။ ဘုံစည်းမျဉ်းစည်းကမ်းဖောက်ဖျက်သူများကို အရေးယူအပြစ်ပေးရဲသည့်သတ္တိ ရှိရမည်။

၁၇။ ရွေးကောက်ပွဲ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ အဖြစ် မိမိတို့ ၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအပေါ် ယုံကြည်မှုရှိရမည်။ မိမိတို့ ၏အလုပ်နှင့် လွတ်လပ်မှုကို အခြားမည်သည့် တရားမဝင် အာဏာကမှ နှောင့်ယှက်ဟန့် တားခြင်း မရှိစေရ။

၁၈။ စပ်ဆိုင်သူအားလုံး၏ အကျိုးနှင့် တရားမျှတမှုအတွက် လိုအပ်သလို စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကြော်ငြာစာများ၊ အမိန့် များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

၁၉။ အခြားနိုင်ငံများမှသော်လည်းကောင်း၊ ကုလသမဂ္ဂမှသော်လည်းကောင်း ရွေးကောက်ပွဲကျွမ်းကျင်သူများ သို့ မဟုတ် အတွေ့ အကြုံရင့် ကော်မရှင်အဖွဲ့ ဝင်များ၏ အကြံဉာဏ် ရယူရမည်။

၂၀။ လာမည့်ရွေးကောက်ပွဲကို စောင့်ကြည့်အကဲခတ်ရန်နှင့် လေ့လာရန် ဒေသခံနှင့် နိုင်ငံတကာလေ့လာသူများကို အားပေးရမည်။

နောက်ဆုံးနှင့် အရေးကြီးအချက်အားဖြင့် UEC ကော်မရှင်အဖွဲ့ ဝင်များသည် ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးဖို့ နအဖကို တိုက်တွန်းသင့်သည်၊ မြန်မာနိုင်ငံသားများပင်ဖြစ်သည့် အကျဉ်းသားအားလုံးကိုလည်း (အင်ဒိုနီးရှားနှင့် နီပေါနိုင်ငံ နမူနာများကဲ့သို့ ) ထောင်တွင်း၌ မဲပေးခွင့်ပြုသင့်သည်၊ ပင်လယ်ရပ်ခြားရောက် မြန်မာလူမျိုးများကိုလည်း မြန်မာသံရုံးများ သို့ မဟုတ် ကောင်စစ်ဝန်ရုံးများ၌ မဲပေးနိုင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

မြန်မာနိုင်ငံတွင် တကယ်တမ်း အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်မြောက်ဖို့ နှင့် စစ်မှန်သည့်ဒီမိုကရေစီတည်ဆောက်ရေးဖြစ်စဉ် အစရှိဖို့ ဆိုပါက UEC သည် အထက်တွင်ဖော်ပြခဲ့သည့် အရည်အချင်းများ ဖြည့်ဆီးရာ၌ တက်ကြွထက်သန်ရပါမည်။

328/1 ถนนพญาไท ราชเทวี กทม. 10400 โทรศัพท์ 0 - 2216 - 4463 โทรสาร 0 – 2216 - 4463

328/1 Phayathai Road, Ratchathewi, Bangkok 10400 Tel. 0-2216-4463 Fax. 0-2216-4463